**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/ ၁၂၇၃

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အကြောင်းကြားခြင်း**

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်လှိုင်းနှုန်း အနှောင့်အယှက် လျော့နည်းစေရေးအတွက် လှိုင်းနှုန်းမှတ်တမ်းတင်ခြင်းများ (Spectrum Registration)၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ (Information Sharing and Update)၊ သတိပေးအကြောင်းကြားခြင်း လုပ်ငန်းစဉ်များ (Notification Procedure)၊ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ သတ်မှတ်ခြင်းများ (Coordination Parameters)၊ နယ်နိမိတ်ချင်း ချိတ်ဆက်ဆောင်ရွက်မည့် ဒေသလုပ်ငန်းစဉ်များ (Cross Border Interconnection Area) စသည့် ဆက်သွယ်ရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲခြင်းများအား ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆက်သွယ်ရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲခြင်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေသော လိုင်စင်ရကုမ္ပဏီများ၏ လှိုင်းနှုန်းအသုံးပြု၍ ကြိုးမဲ့ (Wireless) အင်တာနက်ဝန်ဆောင်မှုပေးခြင်း၊ ကေဘယ်အသုံးပြု၍ ကြိုးဖြင့်အင်တာနက်ဝန်ဆောင်မှုပေးခြင်းနှင့် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ် (Fiber Cable) ချခင်းသွယ်တန်း ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့ဝန်ဆောင်မှုပေးနေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုအမျိုးအစားများအား ပူးတွဲပါဇယားတွင် ဖြည့်စွက်၍ ဤဦးစီးဌာနသို့ (၂၁-၂-၂၀၂၀) ရက်နေ့နောက်ဆုံးထား၍ မပျက်မကွက် ပေးပို့တင်ပြရန်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နယ်စပ်ဒေသများတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်နေခြင်းမရှိပါက မရှိကြောင်းတင်ပြပေးရန် အကြောင်းကြားပါသည်။

၃။ ဤကဲ့သို့ အချက်အလက်များပေးပို့ရန် တောင်းဆိုမှုအား လိုက်နာခြင်းမရှိဘဲ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အချက်အလက် ပေးပို့တင်ပြရန် ပျက်ကွက်သည့်ကုမ္ပဏီများအနေဖြင့်

နယ်စပ်ဒေသများတွင် မိမိတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများ ပေါ်ပေါက်လာပါက ဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရန် အခက်အခဲရှိမည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

**ပူးတွဲပါဇယား**

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

<u>ဖြန့်ဝေခြင်း</u>

**မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအားလုံး**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအားလုံး**

မိတ္တူကို

ရုံးလက်ခံ

မျှော

နယ်စပ်ဒေသ/နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် လိုင်စင်ရကုမ္ပဏီများ၏ သတင်းအချက်အလက် မှတ်တမ်းထားရှိမှုအခြေအနေ

| စဉ် | လိုင်စင်ရ ကုမ္ပဏီအမည် | လိုင်စင် အမျိုးအစား | နယ်စပ်မြို့များဖြစ်သော တာချီလိတ်၊ မူဆယ်၊ မြဝတီ၊ မောတောင်၊ ထီးခီး၊ ကော့သောင်း၊ မယ်စဲ | ဝန်ဆောင်မှုပေးနေသော Brand Name နှင့် Logo အမှတ်တံဆိပ် ဖော်ပြရန် | ဝန်ဆောင်မှု အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | | ဥပမာ- NFS (I) | ဥပမာ- မြဝတီမြို့ | ဥပမာ- (mmNet) | ဥပမာ- (FTTH) | *(ဆောင်ရွက်လုပ်ကိုင်နေခြင်း မရှိပါက မရှိကြောင်း ဖော်ပြရန်) |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |